# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး

# ၁၂ ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၁ ခုနှစ်၊ မတ်လ ၂၁ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွ င် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ အစီအစဉ်ကိုနံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂ ။**

**အခမ်းအနားမှူး၊** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြ န်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးရဲ့ ၁၂ ရက်မြောက်နေ့ အစီအစဉ်ကို စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး၊** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် ၁၂ ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ၊** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မျာခင်ဗျား ဒီကနေ့ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး သို့ တက်ရောက်ခွင့် ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃) ဦး ရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၂၂၀) ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်းရဲ့ (၉၈.၆၅) ရာခိုင်နှုန်း ရှိပြီး တက်ရောက်တဲ့ ကိုယ် စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့ အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၁ ၊ နည်းဥပဒေခွဲ (က) နဲ့ (ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ ( သြဘာသံများ)

# အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန် အစည်းအဝေးရဲ့ ၁၂ ရက်မြောက်နေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေ ခွဲ(ဂ) ၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်ဟာ မိမိ ကိုယ်တိုင်

သော်လည်းကောင်း ၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုး သားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့် ဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့ ခွင့်ပန်မှာကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမြဝင်း အတွက် ဖြစ်ပါတယ်။ ဦးစောမြ ဝင်းရဲ့ မိခင် အသက်(၈၅)နှစ်ရှိပြီဖြစ်တဲ့ ဒေါ်ကြည်ဟာ ဆီးလမ်းကြောင်း ကျောက် တည်ရောဂါဖြင့် မော်လမြိုင်ဆေးရုံမှာ တက်ရောက်ပြီး ခွဲစိတ်ကုသရမှာဖြစ်ပါတယ်။ ဒါကြောင့် မိခင်အား အနီးကပ် ပြုစုစောင့်ရှောက်ရန် ၂၁-၃-၂၀၁၁ မှ ၂၃-၃-၂၀၁၁ အထိ(၃)ရက် အစည်းအဝေး တက်ရောက်ခွင့်မှ ကင်းလွတ်ခွင့်ပြုပါရန် ဦးစောမြဝင်းကိုယ်စား ကျွန်တော်ဦးကံညွန့်မှ လေးစားစွာလျှောက်ထားအပ်ပါတယ်။ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဦးဝင်းနိုင်ရှိန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရှိန် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့် အသက်(၇၆)နှစ်သည် နှလုံးသွေးတိုးရောဂါဖြင့် ဒိုက်ဦးမြို့နေအိမ်တွင် ဆေးကုသမှု ခံယူနေသော်လည်း သက်သာ ပျောက်ကင်းခြင်းမရှိသေးသည့်အတွက် ၂၁-၃-၂၀၁၁ မှ ၂၃-၃-၂၀၁၁ နေ့အထိ ခွင့်(၃)ရက် ခွင့်ပြုပေးပါရန် ဦးတင်မြင့် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဦးမင်းလွန်းအောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းလွန်းအောင် ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအုန်း သည် သွေးတိုးရောဂါဖြင့် သထုံမြို့နယ် ဆရာဝန်ကြီး၏ ညွှန်ကြားချက်အရ ဆေးကုသရန်အတွက် ၂၁-၃-၂၀၁၁ ရက်နေ့မှ ၂၅-၃-၂၀၁၁ ရက်နေ့အထိ ခွင့် (၅)ရက်ခွင့်ပြုပေးပါရန် ဦးစောအုန်း၏ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမြဝင်း အတွက်၂၁-၃-၂၀၁၁ မှ ၂၃-၃-၂၀၁၁ အထိ ခွင့်(၃)ရက်ကို ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးကံညွန့် ၏ တင်ပြချက်ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မြင့် အတွက် ၂၁-၃-၂၀၁၁ မှ ၂၃-၃-၂၀၁၁ အထိ ခွင့်ကို ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနိုင်ရှိန် ၏ တင်ပြချက်ကိုလည်းကောင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအုန်း အတွက် ၂၁-၃-၂၀၁၁ မှ ၂၅-၃-၂၀၁၁ အထိ ခွင့်(၅)ရက်ကို မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးမင်းလွန်းအောင် ၏ တင်ပြချက်ကိုလည်းကောင်း အမျိုးသားလွှတ်တော်ရဲ့ သဘောတူညီချက် ရယူမှာဖြစ်ပါတယ်။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ၊** ။လွှတ်တော်ကသဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကိုခွင့်ပြုကြောင်း ကြေညာပါတယ်။ ( သြဘာသံများ)

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ(၂၂၃)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး ဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၃)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပ ဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက်အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသား လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဧရာဝတီမြစ်ဆုံနှင့် မေခ၊ မ လိခ မြစ်ဝှမ်းတစ်လျှောက် ရေအားလျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်။ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ယခု ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများ မေးမြန်းခြင်းနဲ့ ဖြေဆိုခြင်းကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစခုန်တိန့်ယိန်း က ဧရာဂတီမြစ်ဆုံနှင့် မေခ၊ မလိခ မြစ်ဝှမ်း တစ်လျှောက် ရေအားလျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၁၃။**

**ဦးစခုန်တိန့်ယိန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)** ။ ။လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လေးစားရပါသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ လေးစားရပါသော နိုင်ငံတော်အစိုးရ တာဝန်ရှိပုဂ္ဂိုလ် အကြီးအကဲများ အားလုံးတို့သည် ကိုယ်စိတ်နှစ်ဖြာသော ကျန်းမာချမ်းသာခြင်းနဲ့ လိုအင်ဆန္ဒ ပြည့်ဝသော မင်္ဂလာအပေါင်းနဲ့ ခညော င်းကြပါစေကြောင်း နှုတ်ခွန်းဆက်သလျက် ဂုဏ်ပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစခုန်တိန့်ယိန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် အစည်းအဝေး တွင် တင်ပြထားသောမေးခွန်းမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

ကချင်ပြည်နယ် မေခ နှင့် မ လိခ မြစ်ဝှမ်း၌ ရေအားလျှပ်စစ်စီမံကိန်း (၇)ခု တည်ဆောက် အကောင်အထည်ဖော်နေသည်ဟု သိရှိရပါတယ် ။ မြစ်ဆုံစီမံကိန်းဧရိယာနှင့် ႉ မလွတ်ကင်းသော ရွာ (၅)ရွာအတွက် ရွာနေရာများရွှေ့ပြောင်းပြီး ပြန်လ ည်နေရာချထားရာတွင် မူလရှိပြီးသော အခြေအနေထက် ပိုမိုမြင့်မားသည့် နေရာထိုင်ခင်းများ၊ အိမ်ရာများ၊ လမ်းများ၊ လျှပ်စစ်မီး၊ သုံးစွဲရန်ရေ၊ ဆေးရုံ၊ စာသင်ကျောင်း၊ ဘာသာရေး အဆောက်အဦများ စသည်ဖြင့် ပြည့်ပြည့်စုံစုံ ဆောင်ရွ က်ပေးထားသည်ကိုလည်း တွေ့ရှိရပါတယ် ။ ဒေသခံ ပြည်သူများအနေနဲ့

ဤကဲ့သို့ အဆင် ပြေဆုံးဖြစ်အောင် အဆင့်မြင့်မားစွာ အဆင်သင့် နေထိုင်နိုင်သည်အထိ စီစဉ်ပေးမှုအတွက် ဝမ်းမြောက်ကြည်နူးမှုများ ဖြစ်ရသကဲ့သို့ စီမံကိန်းတွင်လည်း မိမိတို့ လုပ်နိုင်သမျှသော အလုပ်အကိုင်များ ရရှိကြောင်း ကြားသိရပါတယ်။ မြစ်ဆုံစီမံကိန်းရဲ့ အထက်ဘက်ရေဝပ်ဧရိယာများတွင် ပါ ဝင်သွားမည့် ရွာများနဲ့ ရွာများရှိ ပြည် သူများအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။

ဧရာဝတီမြစ်ဆုံ မေခ နဲ့ မလိခ မြစ်ဝှမ်းတစ်လျှောက် ရေအားလျှပ်စစ်စီမံကိန်းများ၏ လျှပ်စစ်ဓါတ်အား ရရှိနိုင်မည့် အခြေအနေ၊ စီမံကိန်းများနှင့် ပတ်သက်၍ ဒေသခံပြည်သူများက လတ်တလောရရှိနိုင်သည့် အခွင့်အလမ်းများနဲ့ အနာဂတ်တွင်ရရှိနိုင်သော အခွင့်အလမ်းများကို သိရှိလိုပါသဖြင့် ဖြေကြားပေးပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်။ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ယခု အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးဇော်မင်း [ဝန်ကြီး၊ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန]** ။ ။လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှ တ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဝန်ကြီး ဦးဇော်မင်းဖြစ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစခုန်တိန့်ယိန်း မေးမြန်းသော မေးခွန်းကို ကျွန်တော်က ဖြေကြားပေးမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ အဓိကအားဖြင့် အချက်(၂) ချက်ပါဝင်ပါတယ်။ နံပါတ် (၁)အချက်မှာ မြစ်ဆုံရေအားလျှပ်စ စ်စီမံကိန်း၏ စီမံကိန်းဧရိယာနှင့် မလွတ်ကင်းသော ရွာ(၅)ရွာ ပြောင်းရွှေ့နေရာချထားမှု၏ အခြေအနေကောင်းမွန်မှုကြောင့် ပြည်သူများ ဝမ်းမြောက်ကြည်နူး မှုခံစားရပြီး မြစ်ဆုံရေအားလျှပ်စ စ်စီမံကိန်း၏ အထက်ဘက်ရေဝပ်ဧရိယာများတွင် ပါဝင်သွားမည့်ရွာများနှင့် ရွာများရှိ ပြည်သူများ အတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း နဲ့ နံပါတ်(၂)အချက်မှာ ဧရာဝတီမြစ်ဆုံ မေခ၊ မ လိခ ရေအားလျှပ်စစ်စီမံကိန်းများ၏ လျှပ်စစ်ဓါတ်အား ရရှိနိုင်မည့် အခြေအနေ၊ စီမံကိန်းများနှင့်

ပတ်သက်သော ဒေသခံပြည်သူများ လတ်တလော ရရှိနိုင်သည့် အခွင့်အလမ်းများနှင့် အနာဂတ်တွင် ရရှိနိုင်မည့် အခွင့်အလမ်းများကို သိရှိလိုကြောင်း တို့ဖြစ်ပါတယ်။

ပထမမေးခွန်းနှင့် ပတ်သက်၍ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၏ စီမံကိန်းဧရိယာနှင့် မလွတ်ကင်းသော ရွာ (၅)ရွာရှိပါတယ်။ တန်ဖဲ၊ ကျိန်ခရမ်၊ မြစ်ဆုံ၊ ခပွါး/အောင်ဂျာယန်၊ ဒေါင်ပန်ရွာတို့ဖြစ်ပြီး စုစုပေါင်းအိမ်ထောင်စု(၄၁၀)၊ လူဦးရေ (၂၁၄၆)ဦး ပါဝင်ပါတယ်။ အဲဒီရွာ (၅)ရွာကို ရွှေ့ပြောင်း ပြန်လည်နေရာချထားရာမှာ တန်ဖဲ၊ ကျိန်ခရမ်၊ မြစ်ဆုံရွာ (၃)ရွာကို "အောင်မြင်သာစံပြကျေးရွာသစ်"အဖြစ် လည်းကောင်း၊ ခပွါး /အောင်ဂျာယန်၊ ဒေါင်ပန်ရွာ (၂)ရွာကို "မလိယန်စံပြကျေးရွာသစ်"အဖြစ်လည်းကောင်း တည်ဆောက်ပြီးတော့ နေရာချပေးခဲ့ပါတယ်။ ရွာလမ်းမများ မှာ ကွန်ကရစ်လမ်းမများဖြစ်ပြီးတော့ တစ်အိမ်ထောင်စုစီ၏ ခြံကွက်များကို ၎င်းတို့မူလ နေထိုင်ခဲ့တဲ့ မြေအကျယ်အဝန်းပေါ်မူတည်ပြီးတော့ပေ ၈၀၊ ပေ ၆၀၊ ပေ ၈၀ ပတ်လည် ပေ ၁၀၀ ပတ်လည်၊ ပေ ၁၀၀ ပေ ၁၂၀ ခြံကွက်များအဖြစ် အသီးသီး မြေပြုပြင်ပေးလျက် ခြံဝန်း ခတ်ပေးခဲ့ပါတယ်။ စုစုပေါင်းလူနေ သစ်သား(၂)ထပ်အိမ် (၄၁၀)အိမ်၊ အထက်တန်းကျောင်း (၁)ကျောင်း၊ တိုးချဲ့နှစ် ထပ်ဆောင် (၁)ဆောင်၊ မူလတန်း ကျောင်း (၃)ကျောင်း၊ ရဲစခန်း (၁)ခု၊ စာတိုက် (၁)ခု၊ မီးသတ် အဆောက်အဦနဲ့ တွဲလျက် အထွေထွေအုပ်ချုပ်ရေးရုံး(၁)ရုံး၊ (၁၆)ခုတင်ဆံ့ ဆေးရုံ(၁)ရုံ၊ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန် ဘာသာရေး အဆောက်အဦ(၄)လုံး ဆောက်လုပ် ပေးခဲ့ပါတယ်။ လူနေ သစ်သား(၂)ထပ်အိမ်တွေဟာ ကချင်တိုင်းရင်းသား ရိုးရာပုံစံအိမ်များ ဖြစ်ပြီး အခြားအဆောက်အဦ များမှာ အခိုင်အမာ (RC) အဆောက်အဦများ ဖြစ်ပါတယ်။ အိမ်များအားလုံးအတွက် ရေစနစ်၊ လျှပ်စစ်မီးစနစ်များပါဝင်ပြီး ပြောင်းရွှေ့နေထိုင်ကြတဲ့ မိသားစုများအတွက် မူလ ၎င်းတို့ နေထိုင်ခဲ့သော အဆင့်ထက်များစွာသာလွန်အောင် စီ မံပေးခဲ့ပါတယ်။။ အသစ်ဆောက်လုပ်ပေး သော ကျေးရွာ များမှာ စံပြကျေးရွာ အဆင့်ဖြစ်ပြီး စီမံကိ န်းမှ အသစ်တည်ဆောက် ဖောက်လုပ်ထားတဲ့ မြစ်ကြီးနားနှင့် မြစ်ဆုံသွားတဲ့ ကွန်ကရစ် လမ်းမကြီးရဲ့ဘေးမှာ ကပ်လျက် တည်ရှိသဖြင့် မြို့ငယ်တစ်မြို့ကဲ့သို့ အဆင့်မြင့်စွာ ဖြစ်ပေါ်တည်ရှိပြီး ပြောင်းရွှေ့ပြည်သူများ ကျေနပ်နှစ်ခြိုက်မ်းသာကြောင်းကြားသိရပါတယ်။ သတင်းစာများ၊ ရုပ်မြင်သံကြား သတင်းများတွင်လည်း ဖော်ပြခဲ့သဖြင့် တွေ့ရှိခဲ့ကြပြီးဖြစ်ပါတယ်။ အဲဒီအပြင် မူလဒေသခံများ၏ လယ်ယာများနှင့် နှစ်ရှည် သီးနှံပင် အမျိုးမျိုးတို့

အတွက်လည်း ဒေသအာဏာပိုင်များ ညှိနှိုင်းစီစဉ် သတ်မှတ်ပေးတဲ့ ဈေးနှုန်းအတိုင်း ပေးလျော်ပြီးဖြစ်တဲ့အပြင် ၎င်းတို့ ရဲ့လယ်များကိုလည်း လယ်အသစ် ပြန်လည်ဖော်ထုတ်ပေးခဲ့ပါတယ်။ ယခု ကျွန်တော်တင်ပြခဲ့တဲ့ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၏ စီမံကိန်းဧရိယာနှင့် မလွတ်ကင်းတဲ့ ကျေးရွာ(၅)ရွာအတွက် ပြန်လည်နေရာချထား ပေးပြီးမှု အစီအမံများ ဖြစ်ပါတယ်။ မြစ်ဆုံစီမံကိန်းရဲ့ အထက်ဘက် ရေဝပ် ဧရိယာအတွင်းမှာ ပါရှိသွား မယ့် ကျေးရွာများ၊ ကျေးရွာပြည်သူများအတွက်လည်း ဒေသအာဏာပိုင် များက ညှိနှိုင်းစီစဉ်ပေးသော မြေနေရာများမှာ အထက်ပါတင်ပြခဲ့တဲ့အတိုင်း ကျေးရွာ ပြည်သူများ၏ လူမှုရေး ၊ စီးပွားရေးအခြေအနေများကို မူလအခြေအနေထက် ပိုမိုကောင်းမွန်မြင့်မားသော လူမှုပတ်ဝန်း ကျင်ဖြစ်အောင် စနစ် တကျစီမံဆောင်ရွက်ပေးမည် ဖြစ်ကြောင်း အသိပေးဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းနှင့် ပတ်သက်၍ ဧရာဝတီမြစ်ဆုံ အထက်ဘက် မေခ၊ မေလိခ မြစ်ဝှမ်းမှာ ရေအားလျှပ်စစ်စီမံကိန်း (၈)ခု တည်ဆောက်မှာ ဖြစ်ပါတယ်။ အဲဒီစီမံကိန်း တွေကတော့ မြစ်ဆုံစီမံကိန်း၊ ချီဖွေစီမံကိန်း၊ ချီဖွေငယ်စီမံ ကိန်း၊ ဝူဆောက်၊ခေါင်လန်ဖူး၊ ယီနန်၊ ဖီဇော၊ လိုင်ဇာရေအားလျှပ်စစ်စီမံကိန်းများ ဖြစ်ပါတယ်။ အဲဒီစီမံကိန်း(၈)ခုရဲ့ ရေအားလျှပ်စစ်စုစုပေါင်းလျှပ်စစ်စက်တပ်ဆင်အားသည် (၁၈၄၉၉)မဂ္ဂါဝပ် ဖြစ်ပါတယ်။ ယခုဖော်ပြခဲ့တဲ့ စီမံကိန်းအားလုံးဟာ(၁၅)နှစ်အတွင်း အပြီး တည်ဆောက်မယ့် စီမံကိန်းများ ဖြစ်ပြီးတော့ မြစ်ဆုံစီ မံကိန်းဟာ စက်တပ်ဆင်အား မဂ္ဂါဝပ်(၆၀၀၀) ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ပထမစက်တစ်လုံး စတင်လည်ပတ် ဓါတ်အားထုတ်လုပ်မှာ ဖြစ်ပြီး တော့ ၂၀၁၉ ခုနှစ်အကုန်မှာ စက်အားလုံးပြီးစီးပြီးတော့ ဓါတ်အားထုတ်လုပ်ပေးမှာ ဖြစ်ပါတယ်။

လျှပ်စစ်စီမံကိန်းများနှင့် ပတ်သက်ပြီးတော့ ဒေသခံပြည်သူများ လ တ်တလောရရှိနိုင်သော အခွင့်အလမ်းများမှာ မိမိတို့ ပါဝင်ဆောင်ရွက်နိုင်စွမ်း ရှိမှုပေါ်မှာမူတည်ပြီးတော့ ကျောက်၊ သဲ ထုတ်လုပ်ခြင်း၊ အဆောက်အဦးများ ဆောက်လုပ်ခြင်း၊ လမ်းများဖောက်လုပ်ခြင်း အပါအဝင် စီမံကိန်း၏ မြို့ပြအင်ဂျင်နီယာ ဆိုင်ရာ လုပ်ငန်းများ ပါဝ င်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အထူးသဖြင့် စီမံကိန်းတိုင်းတွင် အလုပ်သမားဦးရေ ထောင်ချီသောင်းချီ ရှိလာ မှာဖြစ်တဲ့အတွက် ဟင်းသီးဟင်းရွက်၊ အသားငါး၊ အစားအစာ ထုတ်လုပ်ပေးသွင်း ရောင်းချသော လုပ်ငန်း (Food Supply ) လုပ်ငန်းများဆောင်ရွက်နိုင်တဲ့ အလုပ်အကိုင်အခွင့်အလမ်းများ

ရရှိနိုင်မှာ ဖြစ်ပါတယ်။ အဲဒီ (Food Supply ) လုပ်ငန်းတစ်ခုတည်းကိုက အလွန်ကြီးမားသော လုပ်ငန်းဖြစ်ပါတယ်။

အနာဂတ်မှာ ရရှိနိုင်သော အခွင့်အ လမ်းများမှာ လမ်း၊ တံတားများနှင့် ပတ်သက်၍ မြစ်ဆုံမှ မေခမြစ်ကြောင်းအတိုင်း မေခမြစ်၏ အရှေ့ဘက် ကမ်းမှာ ရာသီမရွေး သုံးနိုင်သော လမ်းမကြီး(၁)လမ်း၊ မြစ်ဆုံမှ ယီနန်အထိ (၂၆၁)မိုင်ခန့်၊ မြစ်ဆုံမှမလိခ မြစ်ကြောင်း အတိုင်း မလိခမြစ်၏ အနောက်ဘက်ကမ်းတွင် ရာသီမရွေး အသုံးပြုနိုင်သော လမ်းမကြီး(၁)လမ်း မြစ်ဆုံမှ လိုင်ဇာအထိ မိုင် (၁၇၀)ခန့် ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ လမ်းမကြီး များနှင့် ယှဉ်တွဲ၍ စီမံကိန်းနေရာတိုင်းမှာ မြ စ်ဆုံရဲ့ တောင်ဘက်တွင် တံတားကြီး (၁)စင်း၊ မေခမြစ်ပေါ် မှာ တံတားကြီး(၅)စင်းနှင့် မလိခမြစ်ပေါ်တွင် တံတားကြီး (၁)စင်း စုစုပေါင်း တံတား ကြီး(၇)စင်း တည်ဆောက်မှာဖြစ်ပြီး တံတားများ၏ ခံနိုင်ဝန်မှာ တန် (၈၀)ရှိမှာ ဖြစ်ပါတယ်။ ယ ခု မြစ်ဆုံရဲ့ တောင်ဘက်မှာ ဧရာဝတီမြစ်ကူးတံတား(၁)ခု တည်ဆောက်နေပြီး ယခု ၂၀၁၁ ခုနှစ်အတွင်း ပြီးစီးမှာဖြစ်ပါတယ်။အထက်ပါဖြစ်ပေါ်လာမယ့်လမ်း၊ တံတားများကို အသုံးပြု၍ ကချင်ပြည်နယ် အတွင်း လူမှုရေး၊ စီးပွားရေး ကူးလူးဆက်ဆံ သွားလာကောင်းမွန်မှုတွေရှိလာမှာ ဖြစ်ပြီး လူမှုရေး၊ စီးပွားရေးသာမက ဒေသအတွင်းလူမှုဆက်ဆံရေး ချစ်ကြည်စည်းလုံးရေး ကိစ္စများလည်း များစွာ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

လျှပ်စစ်စီမံကိန်းများ တည် ဆောက်နေချိန်မှာ အထက်မှာ တင်ပြတဲ့ အတိုင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိမှာ ဖြစ်သကဲ့သို့ စီမံကိန်းများ ပြီးစီး၍ လျှ ပ်စစ်ဓါတ်အားပေး စက်ရုံများ မော င်းနှင်ပြီး ဓါတ်အားထုတ်လု ပ်ချိန်မှာလည်း ဒေသခံလူငယ်များ ၊ ပညာတတ် များ ဓါတ်အားပေးစက်ရုံများမှာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမှာဖြစ်ပါတယ်။ ကချင်ပြည်နယ် အတွင်း လျှပ်စစ်ဓါတ်အား လွန်စွာ ဖွံ့ဖြိုးတိုးတက်မှာဖြစ်တဲ့အတွက် လျှပ်စစ်ကို အသုံး ပြု၍ လုပ်ကိုင် ဆောင်ရွက်ရသော စက်မှုလုပ်ငန်းများ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသောလုပ်ငန်းများဟာ အနာဂတ်ကာလမှာ အရှိန်အဟုန်မြင့်မားစွာဖြင့် တိုးတက်လာမယ့် အခွင့်အလမ်းများ ပေါ်ပေါက် ရရှိလာမှာဖြစ်ကြောင်း ဖြေကြားတင်ပြအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်တွင် စက်ရုံ၊ အလုပ်ရုံများ တည်ထောင်နိုင်ရန် ချင်းပြည်နယ်ရှိ မြို့များအားလုံးသို့ မဟာဓာတ်အားလိုင်း ( National Power Grid ) သွယ်တန်း ဖြန့်ဝေပေးရေးနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်။ ၁၀း၂၅။**

**ဥက္ကဋ္ဌ၊** ။ဆက်လက်ပြီး ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှဦးဇုန်လှယ်ထန်းက ချင်းပြည်နယ်တွင် စက်ရုံ၊ အလုပ်ရုံများ တည်ထောင်နိုင်ရန် ချင်းပြည်နယ်ရှိ မြို့များအားလုံးသို့ မဟာဓာတ်အားလိုင်း သွယ်တန်းဖြန့်ဝေပေးရေးနှင့် စပ်လျဉ်းသည့် မေးခွန်း ကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၂၅။**

**ဦးဇုန်လှယ်ထန်း၊ ချင်း ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်လည်း တခြားတိုင်းဒေသကြီး များနှင့်ပြည်နယ်များလို ဖွံ့ဖြိုး တိုးတက်လာရန်အတွက် မရှိမဖြစ် တဲ့ အ ခြေခံ အဆောက်အအုံများ တစ်ခုပြီးတစ်ခု မေးမြန်း တင်ပြခွင့် ပြုတဲ့အတွက် ကျေးဇူး တင်ပါတယ်။ အမှန်မှာ ဘယ်နိုင်ငံမှာမဆို မရှိမဖြစ်လိုအပ်တဲ့ အခြေခံအဆောက်အအုံများ မရှိ ဘဲနဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ မဖြစ်နိုင်ပါ ဘူး။ ဒါကြောင့် လိုအပ်တဲ့ အခြေခံ အဆောက်အအုံများ တည်ဆောက်ရန် ဘဏ္ဍာရေးအခြေအနေက မပေး သေးတဲ့အချိန်မှာ (External Resources) ကနေ ချေးငွေယူပြီး တည်ဆောက် ကြတာကို တွေ့ရပါတယ်။ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်လာဖို့ဆို ရင် လျှပ်စစ်ကဏ္ဍ ကလည်း လိုအပ်ချက် တစ်ခုဖြစ်ပါတယ်။ လက်ရှိမှာ စက်ရုံငယ်လေး များကနေ ခွဲတမ်း စနစ်ဖြင့် မြို့တွေမှာ ဖြန့်ဝေ ပေးနေတာ တွေ့ရပါတယ်။ ဒီအ ခြေအနေနဲ့ လုပ်ငန်းကြီးများလုပ်ဖို့ အဆင်မပြေသေးပါဘူး။ ကျွန်တော် နယ်ဆင်းတုန်းကဆိုရင် ရေနွေး တစ်ခွက် ဆူအောင်တည်ဖို့ တစ်နာရီလောက် ကြာပါတယ်။ ယခု အချိန်မှာ မဏိပူရ ရေလှောင်တမံ လုပ်ငန်းလည်း ဆောင်ရွက်နေတဲ့အကြောင်း သိရပါတယ်။ မဏိပူရ မြစ်ဟာဆိုရင် တွန်း ဇံ၊ တီးတိန်၊ ဖလမ်းမြို့နယ်တွေ ကိုဖြတ်ပြီး စီးဆင်းတဲ့ မြစ်ဖြစ်ပါတယ်။ အဓိက ရေ လှောင်ရမယ့် နေရာက ဖလမ်းမြို့နယ်ဖြစ်ပါတယ်။ ဒီစက်ရုံကနေ ချင်းပြည်နယ်ကို ဖြန့်ဝေဖို့ အ စီအစဉ် ရှိ မရှိ သိလိုပါတယ်။ ဘယ် Resource ကပဲသုံးသုံး

ချင်းပြည်နယ်ရှိမြို့နယ်များ အားလုံးသို့ မဟာ ဓာတ်အားလိုင်း သွယ်တန်းဖြန့်ဝေပေးရန် အစီအစဉ် ရှိ /မရှိ သိလိုပါတယ်။ မရှိလျှင် လည်း စီစဉ် ဆောင်ရွက်ပေးပါရန် တင်ပြမေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်။ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးကဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်မြင့် [ဝန်ကြီး၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန]**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည် ့စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ကျွန်တော်ကတော့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဝန်ကြီး ဦးခင်မောင်မြင့်ပဲ ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ချင်းပြည်နယ် မဲဆန္ဒနယ် (၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း၏ " ချင်းပြည်နယ်အတွင်းမှာ စက်ရုံ၊ အလုပ်ရုံများ တည်ထောင်လို့ရအောင် ချင်းပြည်နယ်ရှိ မြို့များအားလုံးကို မဟာဓာတ်အားလိုင်း (National Power Grid) သွယ်တန်းဖြန့်ဖြူးပေးနိုင်မှု ရှိ /မရှိ " အား မေးမြန်းလာသော မေးခွန်းနှင့် ပတ်သက်လို့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် နိုင်ငံ တော်က ချင်းပြည်နယ်တွင် လျှပ်စစ် ဓာတ်အားရရှိရေးဆောင်ရွက်ထားမှု အ ခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အ ခြေအနေများကို ယခုလို ရှင်းလင်းဖြေကြားခွင့်ရတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်းအား အထူးပဲ ကျေးဇူးတင်ရှိရပါတယ်။

နိုင်ငံတော်က ချင်းပြည်နယ်ကို နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ခြင်း မရှိသေးသော်လည်း ချင်းပြည်နယ် ရှိ မြို့တော် ဟားခါး၊ ခရိုင်ရုံးစိုက်ရာ မြို့များဖြစ်တဲ့ ဖလမ်းနဲ့ မင်းတပ်တို့အပါအဝင် တီးတိန်၊ တွန်းဇံ၊ ထန်တလန်၊ ကျီခါး၊ ရိခေါ်ဒါရ်၊ မတူပီ၊ ကန်ပက်လက်၊ ရေဇွာ၊ ပလက် ဝစတဲ့ မြို့ (၁၂)မြို့တို့ကို အောက်ပါ နည်းလမ်း(၂)ခုဖြင့် ဓာတ်အားများရရှိသုံးစွဲ နိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ အဲဒီနည်းလမ်းတွေကတော့

ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် မြစ်ငယ်၊ ချောင်းငယ်များမှာ အသေးစားရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်၍ အနီး ဆုံးမြို့နဲ့ရွာသို့ ဓာတ်အားပေးခြင်း၊ ဒီဇယ်ဓာတ်အားပေးစက်များဖြင့် ဓာတ်အားပေးခြင်းတို့ကို ဆောင်ရွက်သွားတာပဲ ဖြစ်ပါတယ်။ ပထမနည်းလမ်း ဖြစ်တဲ့ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် မြစ်ငယ်၊ ချောင်းငယ်တွေမှာ အသေးစား ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပြီးတော့ အနီးဆုံး မြို့၊ ရွာများသို့ ဓာတ်အားပေးရာမှာ ချင်းပြည်နယ်အတွင်းမှာ စက်ရုံပေါင်း (၈)ရုံ ရှိပါတယ်။ စုစုပေါင်း စက် တပ်ဆင်အင်အား(၃၀၁၃)ကီလိုဝပ်ရှိပါတယ်။ အဲဒီစက် ရုံတွေ ကတော့ (၁)လိုင်ဗားစက်ရုံ (၆၀၀)ကီလိုဝပ်၊ (၂)ဒေါင်ဗားစက်ရုံ (၄၀၀)ကီလိုဝပ်၊ (၃)ငစစ်ဗား စက်ရုံ (၁၀၀၀)ကီလိုဝပ်၊ (၄)ဇာလွီးစက်ရုံ (၄၀၀)ကီလိုဝပ်၊ (၅)ထွီးဆောင်းစက်ရုံ(၁၆၄)ကီလိုဝပ်၊ (၆)ချီချောင်းစက်ရုံ(၂၆၀)ကီလိုဝပ်၊ (၇)နမ့်လောင်စက်ရုံ (၁၃၉)ကီလိုဝပ်၊ (၈)ပလက်ဝစက်ရုံ(၅၀)ကီလိုဝပ် တို့ဖြစ်ပါတယ်။ အဲဒီအသေးစား စက်ရုံတွေကနေပြီးတော့ ဓာတ်အားဖြန့်ဖြူး ပေးတဲ့အပိုင်းမှာ လိုင်ဗားမှာရှိတဲ့ (၆၀၀)ကီလိုဝပ်ကနေပြီး ဟားခါးမြို့နဲ့ ပတ်ဝန်းကျင် (၄)ရွာ၊ ထန် တလန်မြို့နဲ့ ပတ်ဝန်းကျင် (၄)ရွာတို့ကို မီးပေးထားပါတယ်။ ဒေါင်ဗားစက်ရုံ (၄၀၀)ကီလိုဝပ်မှ ဟားခါးမြို့ နဲ့ ပတ်ဝန်းကျင် (၂)ရွာတို့ကို မီးပေးထားပါတယ်။ ငစစ်ဗားစက်ရုံ (၁၀၀၀) ကီလိုဝပ်ကနေပြီး ဖလမ်း မြို့နဲ့ ပတ်ဝန်းကျင် ရွာ(၉)ရွာကို မီးပေးထားပါတယ်။ ဇာလွီးစက်ရုံ(၄၀၀)ကီလိုဝပ်ကနေပြီး တီးတိန်မြို့နဲ့ ပတ်ဝန်းကျင် ရွာ(၃)ရွာကို မီးပေးထားပါတယ်။ ထွီးဆောင်းစက်ရုံ (၁၆၄) ကီလိုဝပ်ကနေပြီး တွန်းဇံမြို့နဲ့ ပတ်ဝန်းကျင် (၂)ရွာကို မီးပေးထားပါတယ်။ ချီချောင်းစက်ရုံ (၂၆၀) ကီလိုဝပ်မှ မင်းတပ်မြို့ကို မီးပေးထားပါတယ်။ နမ့်လောင်စက်ရုံ (၁၃၉) ကီလိုဝပ်မှ မတူပီ မြို့ကို မီးပေးထားပါတယ်။ ပလက်ဝစက်ရုံ (၅၀)ကီလိုဝပ်မှ ပလက်ဝမြို့ကို အသီးသီးမီးပေးထားပြီး ဖြစ်ပါတယ်။

ဒါ့ကြောင့်မို့ ချင်းပြည်နယ်မှာ အသေးစားရေအား လျှပ်စစ်စက်ရုံ (၈)ရုံကနေပြီး ဓာတ်အားပေးထားတဲ့ မြို့ပေါင်း(၈)မြို့နဲ့ ရွာပေါင်း (၂၄)ရွာ ရှိပါတယ်။ အဲဒီလို အသေးစား ရေအားလျှပ်စစ်စက်ရုံများက ဓာတ်အားပေးနေတဲ့ နေရာမှာ တစ်နှစ်ကို ဇူလိုင်လကနေပြီး ဇန်နဝါရီလအထိ (၇)လမှာ တစ်ရက်ကို (၂၄)နာရီ ဓာတ်အားပေးနိုင်ပါတယ်။ ကျန် (၅)လမှာတော့ ရေနည်းသွားတဲ့ အတွက် အဲဒီမြို့ (၈)မြို့မှာ တပ်ဆင်ထားတဲ့ ဒီဇယ်စက် (၁၉)လုံးရှိပါတယ်။ စက်တပ်ဆင်အား(၁၁၁၉)ကီလိုဝပ်ခွဲပြီး ဓာတ်အားဖြန့်ဖြူးပေးတာမို့ တစ်နေ့ကို (၆)နာရီတော့ မီးပေးနိုင်တဲ့အဆင့်မှာ ရှိပါတယ်။ ဒုတိယ နည်းလမ်းဖြစ်တဲ့ ဒီဇယ် ဓာတ်အားပေးစက်ရုံ တစ်မျိုး

တည်းဖြင့်သာ ခာတ်အားပေးထားတဲ့ မြို့တွေကို တင်ပြသွားမှာ ဖြစ်ပါတယ်။ အဲဒီမြို့တွေကတော့ ကန်ပက်လက်၊ ရေဇွာ၊ ရိခေါဒါရ်နှင့် ကျီခါး စုစုပေါင်း (၄)မြို့ ဖြစ်ပါတယ်။ အဲဒီမှာလည်း ဒီဇယ်စက်(၉)လုံး ခာတ်အားပေးစက် တပ်ဆင်အင်အား (၄၂၃)ကီလိုဝပ်ဖြစ်ပါတယ်။ အဲဒီမြို့တွေမှာ နိုင်ငံတော်က နေပြီးတော့ ရရှိတဲ့ ဒီဇယ်ခွဲတမ်းကနေ မောင်းနှင်ပေးတာကို တ စ်နေ့ကို တစ်နာရီပဲ ခာတ်အားဖြန့်ဖြူးပေးနိုင်တာ ဖြစ်ပါတယ်။ ဒီဇယ်စက်များမှ လျှပ်စစ်ခာတ်အား ထုတ်လုပ်မှုကုန်ကျစရိတ်ကို ကြည့်မယ်ဆိုရင် ဒီဇယ်တစ်ဂါလံလျှင် (၃၀၀၀)ကျပ်နှုန်းဖြစ်ခဲ့လျှင် ပျှမ်းမျှ လျှ ပ်စစ်ခာတ်အား(၁၀)ယူနစ် ထွက်ရှိ တာဖြစ်တဲ့အတွက် တစ်ယူနစ်တန်ဘိုးဟာ (၃၀၀)ကျပ်ကျမှာ ဖြစ်ပါတယ်။ သယ် ဆောင်စရိတ်က တစ်ယူနစ် (၁၉)ကျပ်နှုန်း ဖြစ်တဲ့အတွက် တစ်ယူနစ်ထုတ်လုပ်မှု ကုန်ကျစရိတ် စုစုပေါင်းမှာ (၃၁၉)ကျပ်ဖြစ်ပါတယ်။ လျှပ်စစ်ခာတ်အား ရောင်းရငွေမှာ တစ်ယူနစ်မှာ ရိုးရိုးအိမ်သုံး (၂၅)ကျပ်သာဖြစ်တဲ့အတွက် တင်ပြပါ (၃၁၉)ကျပ်မှာ (၂၅)ကျပ် ဖြစ်တဲ့အတွက် နှုတ်လိုက်တဲ့အခါ မှာ (၂၉၄)ကျပ်ရှုံးနေပါတယ်။ ဒါ့ကြောင့်မို့ ဆီတစ်ဂါလံ (၁၀)ယူနစ် ထွက်တဲ့အတွက် ဆီတစ်ဂါလံ အသုံးပြုတိုင်း (၂၉၄၀)ကျပ် အရှုံးပေါ်နေတာဖြစ်ပါတယ်။ချင်းပြည်နယ် တစ်ခုလုံးအတွက် တစ်လမှာ ငွေကျပ်(၁၀.၇)သန်း အရှုံးခံထားပါတယ်။ တစ်နှစ်မှာဆိုလျှင် ငွေကျပ်(၁၂၈.၄)သန်းအရှုံးခံပြီးတော့ လျှပ်စစ်ခာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။

ချင်းပြည်နယ်ကို ဒီလိုခာတ်အား ဖြန့်ဖြူးပေးဖို့အတွက် ပြည်နယ်ရုံး တစ်ရုံး၊ ခရိုင်ရုံး(၂)ရုံး၊ မြို့နယ်ရုံး (၉)ရုံး၊ မြို့နယ်ခွဲရုံး (၃)ရုံး စုစုပေါင်း လျှပ် စစ်အင်ဂျင်နီယာရုံးပေါင်း (၁၅)ရုံးနဲ့ အသေးစား ရေအားလျှပ်စစ်စက်ရုံ (၈)ရုံတို့မှ ဝန်ထမ်းအင်အားပေါင်းလိုက်လျှင် အရာထမ်း(၁၀)ဦးနှင့် အမှုထမ်း(၁၈၇)ဦး စုစုပေါင်း (၁၉၇)ဦးနဲ့ လျှပ် စစ်ခာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းများကို ဆောင်ရွက် ပေးလျက် ရှိပါတယ်။ အဲဒီ ဝန်ထမ်းတွေထဲမှာ ချင်းအမျိုးသား အရာထမ်း (၃)ဦး၊ အမှုထမ်း(၁၇၄)ဦးရှိပြီး စုစုပေါင်း (၁၇၇)ဦး ပါပါတယ်။ ဒါ့ကြောင့် ဝန်ထမ်းအားလုံးရဲ့ (၈၉.၈၅)ရာခိုင်နှုန်းဟာ ချင်းအမျိုးသားများပဲ ဖြစ်ပါတယ်။ ခန့်အပ်ထားတဲ့ ဝန်ထမ်းအားလုံးမှာ တစ်လ လစာမှာ (၇.၂၉)သန်းဖြစ်ပြီး တစ်နှစ်ကို (၈၇)သန်း ကုန်ကျပါတယ်။ ချင်းပြည်နယ်တစ်ခုလုံး တပ်ဆင်ထားတဲ့ အသေးစား ရေအားလျှပ်စစ်စက်ရုံ(၈)ရုံ တပ်ဆင်ထားတာကတော့ (၃၀၁၃)ကီလိုဝပ်နဲ့ တည်ဆောက် ထားပြီး ကုန်ကျစရိတ် တန်ဘိုး ကတော့ (၈၉)သန်းရှိပါတယ်။ ဒီဇယ်မီးစက် (၂၈)လုံးကတော့ (၁၅၄၂)ကီလိုဝပ် ထွက်ပါတယ်။ တန်ဘိုး

ကတော့ (၂၈.၉၅)သန်း တန်ဘိုးရှိပါတယ်။ အဲဒီ မီးစက်တွေက ဓာ တ်အားထုတ်လုပ်ဖို့ နိုင်ငံတော်ကနေပြီးတော့ စက်သုံးဆီတစ်လလျှင် (၃၆၄၀)ဂါလံ၊ တစ်နှစ်မှာ (၄၃၆၈၀) ဂါလံ ကျခံပေးတာ ဖြစ်ပါတယ်။ လောင်စာဆီ တန်ဘိုးအနေနဲ့ တစ်လလျှင် (၁၄.၂၅)သန်း၊ တစ်နှစ်လျှင် (၁၇၀.၉၉၇)သန်း ကုန်ကျပါတယ်။ ဒါ့အပြင် ဓာတ်အားလိုင်းများနဲ့ ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ ရေအားလျှပ်စစ် ဓာတ်အားပေးစက်များ၊ ဒီဇယ်ဓာတ်အားပေး စက်များ ကြံ့ခိုင်မှုများ ထိန်းသိမ်းမှုများ ပြုလုပ်ခြင်း၊ အဆောက်အဦများ ဆော က်လုပ်ပေးခြင်း တို့အတွက် ယခု ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်းမှာ သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ်သန်းပေါင်း(၁၅၃၅.၆၆၇)သန်းကို နိုင်ငံတော်က ကျခံသုံးစွဲပေးခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံတော်မှ ချင်းပြည်နယ်အပေါ်မှာ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် စေတနာ ထားပြီး ဆောင်ရွက်ပေးမှုများကို ရှင်းလင်းတင်ပြမှုများပေါ်မှာ နားလည်မယ်လို့ ထင်ပါတယ်။

နိုင်ငံတော်ဓာတ်အားစနစ်အနေဖြင့် ချင်းပြည်နယ်ကို ဓာတ်အားလိုင်း ဆက်သွယ်ဖြန့်ဖြူးမယ့် အစီအစဉ်နဲ့ပတ်သက်လို့ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်မှာရှိတဲ့ မြစ်သာ ရေအားလျှပ်စစ်စီမံကိန်းဟာ (၄၀)မဂ္ဂါဝပ် ဖြစ်ပါတယ်။ ကလေးခရိုင်၊ ကလေးမြို့နယ်မှာရှိတဲ့ မဏိပူ ရေအားလျှပ်စစ်စီမံကိန်းဟာ (၃၈၀)ကီလိုဝပ် တို့ကို ရမှာဖြစ်ပြီးတော့ ဂန့်ဂေါ-ကျောက်ချောင်းဦးပခုက္ကူညောင်ပင်ကြီး ဓာတ်အားခွဲရုံများဖြင့်ဓာတ်အားစနစ်များဖြင့် ချိတ်ဆက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ချင်းပြည်နယ်မှာရှိတဲ့ ဟားခါး- ဖလမ်း-တီးတိန် တို့ကိုလည်း (၆၆)ကေဗွီ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်ပြီး ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ် ရှိပါတယ်။ ထို့ပြင် ဂန့်ဂေါမှတစ်ဆင့် မတူပီ၊ မင်းတပ် သို့လည်း (၆၆)ကေဗွီ ဓာတ်အားလိုင်းများဆွဲပြီးတော့လည်း ဓာတ်အားပေးပို့ရန် အစီအစဉ် ရှိပါ တယ်။ အလားတူ ရခိုင်ပြည်နယ်မှာလည်း ရေအားလျှပ်စစ်စီမံကိန်းဖြစ်တဲ့ စိုင်ဒင်ကနေပြီးတော့ (၇၆.၅)မဂ္ဂါဝပ်၊ လေးမြို့ကနေ (၅၀၀)မဂ္ဂါဝပ်၊ သူဋ္ဌေးချောင်းကနေ (၁၁၁)မဂ္ဂါဝပ် စီမံကိန်းကနေပြီးတော့ ကျောက်တော်မြို့ကို ဓာတ်အားပို့လွှတ်မှာဖြစ်ပါတယ်။ အဲဒီ ကျောက်တော် ခွဲရုံကနေတစ်ဆင့် ချင်းပြည်နယ်၊ ပလက်ဝမြို့ကိုလည်း (၃၃)ကေဗွီ ဓာတ်အားလိုင်း ဓာတ် အားခွဲရုံများ တည်ဆော က်ပြီး ဓာတ်အားဖြန့်ဖြူးပေးရန် စီ စဉ်ထားရှိပါကြောင်းနဲ့ နိုင်ငံတော်အနေဖြင့် ချင်းပြည်နယ် အပေါ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ငွေကြေးအမြောက်အမြားရင်းနှီးပေးထားသလို နိုင်ငံတော်က အကျိုးအမြတ်ကိုမကြည့်ဘဲ ငွေကြေးများ အနစ်နာခံ

ဆောင်ရွက်ထားမှုကို ကိုယ်စားလှယ်တော်ကြီးအနေဖြင့် ယခုအခါ သိရှိနားလည်  သဘောပေါက် မယ်လို့ ကျွန်တော့် အနေဖြင့် ယူ   ဆပါတယ်။ ဒါ့ကြောင့် ကျွန်တော်၏ ဖြေကြားချက်ကို ဒီမှာပဲ နိဂုံးချုပ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ပို့ကုန်သွင်းကုန်လုပ်ငန်းရပ်များ၌ ကောက်ခံနေသော အခွန်အခများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်။ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) မှ ဒေါက်တာမြတ်ဉာဏစိုးက ပို့ကုန်သွင်းကုန်လုပ်ငန်းရပ်များ၌ ကောက်ခံနေသော အခွန်အခများ နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၃၈။**

**ဒေါက်တာမြတ်ဉာဏစိုး၊ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)။** ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ အားလုံးကို ကျန်းမာရွှင်လန်းပါစေလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်ပါရစေ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ မေးမြန်းမယ့် မေးခွန်းကတော့ ဒီမေးခွန်းကို ဘယ်ပေါ်မှာ အခြေပြု ထားသလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၃၅ မှာ ဈေးကွက်စီးပွားရေးစနစ်တိုးတက်ထွန်းကားစေရန် ဖော်ဆောင်ရမယ်ဆိုတာ ဒါ အတိအလင်း ပြဋ္ဌာန်းပြီးသားဖြစ်ပါတယ်။ ပုဒ်မ ၃၆ ပုဒ်မခွဲ(ဂ)အရမှာလည်း အများပြည်သူတို့၏ အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးရန်ဆိုတာ တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းပြီးသား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နို င်ငံတော်ရဲ့စီးပွားရေး ဖွံ့ဖြိုး တိုးတက် ပိုမိုဖွံ့ဖြိုးတိုးတက်ရှင်သန်လာဖို့အတွက် အပြုသဘောဆောင် တဲ့ မေးခွန်းတစ်ရပ်ကို မေးမြန်း လိုခြင်းဖြစ်ပါတယ်။ မေးမြန်းလိုတဲ့ မေးခွန်း ကတော့ ပို့ကုန်သွင်းကုန် လုပ်ငန်းရပ်တွေမှာ ကောက်ခံနေတဲ့ အခွန်အခများနဲ့ သက်ဆိုင်ပါတယ်။ နိုင်ငံတော်အနေနဲ့ ကုန်သွယ်မှုမူဝါဒ ကောင်စီ (Trade Council)ကို နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ကျွန်တော်တို့ရဲ့ ရွေးကောက်ခံ ဒုတိယသမ္မတကြီးကိုယ်တိုင် ဦးစီးပြီးတော့ ဆောင်ရွက်နေတာကိုလည်း သိရှိပါတယ်။ ဒီလို ကုန်သွယ်မှု မူဝါဒကောင်စီကနေပြီးတော့ (Guide Line)ချမှတ်ပြီးတော့ လက်ရှိအနေအထား ကောက်ခံနေတာကတော့ ပို့ကုန်သွင်းကုန်

လုပ်ငန်းစဉ်အရပ်ရပ်မှာ ပို့ကုန်မှာဆိုရင် ကုန်သွယ်ခွန် (၂)ရာခိုင်နှုန်း (Commercial Tax)၊ ဝင်ငွေခွန် (Income Tax) ( ၈)ရာခိုင်နှုန်း၊ စုစုပေါင်း (၁၀)ရာခိုင်နှုန်း၊ ကိုယ်ပို့တဲ့ (Export) ပမာဏရဲ့ (၁၀)ရာခိုင်နှုန်းကို ပေးဆောင်ရပါ တယ်။ နောက် သွင်းကုန်လုပ်ငန်း (Inport) လုပ်ငန်းရပ်တွေမှာဆိုရင်လည်း Withholding Tax လို့ခေါ်တဲ့ပင်ရင်းမှာ နုတ်ယူသည့်အခွန် လို့လည်းသုံးနှုန်းပါတယ်။ ပင်ရင်းမှ ဖြတ်တောက်သည့် အခွန်လို့လည်း သုံးနှုန်းပါတယ်။ (၃.၅)ရာခိုင်နှုန်းကောက်ခံနေပါတယ်။ ဒီအတွက်ကြောင့်မို့လို့ နိုင်ငံသားလုပ်ငန်းရှင်တွေအနေနဲ့ နိုင်ငံတကာဈေးကွက်မှာ တခြားနိုင်ငံတွေနဲ့ သူတင်ကိုယ်တင် ယှဉ်ပြိုင်တဲ့အခါမှာ ကိုယ်က တစ်ပန်းရှုံးနေပါတယ်။ ဘာဖြစ်လို့ လည်းဆိုတော့ ဒီလိုဆိုရင် ဒီအခွန်အခတွေကို လုံးဝ လုပ်ငန်းရှင်တွေကို မကောက်ခံဘဲလွှတ်ပေးလိုက်ရတော့မှာလား။ အဲဒီလိုလည်း မဟုတ်ပါဘူး ခင်ဗျ။ ဒီလုပ်ငန်းရှင်တွေ၊ ဒီစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတွေကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ် အလိုက် ဝင်ငွေခွန် သီးခြား လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်သော်လည်းကောင်း၊ စီးပွားရေး လုပ်ငန်းစုအလိုက်သော်လည်းကောင်း ကောက်ခံနေတာရှိပါတယ်။ နောက်တစ်ခါ အိမ်နီးချင်း နိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေ၊ အာဆီယံနိုင်ငံတွေမှာလည်း ပို့ကုန်တိုးတက်ရေးအတွက်ကို ပို့ကုန်နှင့်ပတ်သက်ပြီးတော့ အခွန်အခတွေကို မကောက်ခံတာကို လည်း လေ့လာတွေ့ရှိ ရပါတယ်။ အခု ကမ္ဘာပေါ်မှာ ဒုတိယစီးပွားရေးအင်အားအကြီးဆုံးနိုင်ငံ ဖြစ်လာပြီဖြစ်တဲ့ တရုတ် ပြည်သူ့သမ္မတနိုင်ငံမှာဆိုရင် တစ်ချို့သော ပို့ကုန်အမယ်တွေကို တိုးမြှင့် ပြီးတော့ ယှဉ်ပြိုင် နိုင်ဖို့အတွက် နိုင်ငံတော်ကကို ဆောင်းငွေအနေနဲ့ (add) လုပ်ပြီးတော့ ထပ် ဆောင်းပြီးတော့ ကျခံပေးတာမျိုးလည်းရှိပါတယ်။ အဲဒီအတွက်ကြောင့်မို့လို နိဂုံးချုပ်အားဖြင့် တင်ပြရရင်တော့ မြန်မာနိုင်ငံရဲ့ GDP ကို ပို့ကုန်ဝင်ငွေက နေပြီးတော့ ပိုမိုတိုးမြှင့်လာစေ ရန်နဲ့ နိုင်ငံတကာ ဈေးကွက်မှာ ဈေးကွက်ဝေစုတွေ ပိုမိုရရှိလာစေရန်အတွ က် ပို့ကုန်သွင်း ကုန် လုပ်ငန်းစဉ် များမှာ ကောက်ခံနေတဲ့ (၁၀)ရာခိုင်နှုန်းသော အခွန်အခနဲ့ သွင်းကုန်လုပ်ငန်းမှာ ကောက်ခံနေသော (၃.၅)ရာခိုင်နှုန်း အခွန်အခတို့ကို ပယ်ဖျက်ပေးနိုင်ခြင်းရှိ /မရှိ ကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်ကဖြေကြားပေးဖို့ တလေးတစား မေးမြန်းလိုခြင်း ဖြ စ်ပါတယ်။ ထို့ပြင် ဒီလို ပြည်သူတွေအတွက် အကျိုးရှိမယ့် မေးခွန်းကို မေးမြန်းခွင့်ပေးတဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ နိုင်ငံတော်အစိုးရ အဖွဲ့ဝင် ဝန်ကြီးအနေနဲ့လည်း

ပြည်သူတွေ နားလည်ရှင်းလင်းအောင် ပြန်လည်ဖြေကြား ပေးတဲ့အတွက်ကြောင့်မို့လို့ အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၄၅။**

**ဖြေကြားချက်**

**ဦးလှထွန်း (ဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ဘဏ္ဍာ ရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ဖြစ်ပါတယ်။ ခုနက ရန်ကုန်တိုင်းဒေသကြီး ၊ မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး မေးမြန်းသွား တဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ မေးခွန်းရဲ့မေးမြန်းချက်မှာ နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် နိုင် ငံတကာ ဈေးကွက်တွင် အခွင့်အလမ်းများ ပိုမိုတိုးတက် ယှဉ်ပြိုင်ဆောင်ရွက်နိုင်ပြီး နိုင်ငံတော်၏ ပို့ကုန်ဝင်ငွေ GDP တိုးမြှင့်လာစေရန် သက်ဆိုင်ရာ ကုမ္ပဏီနှင့် လုပ်ငန်းရှင်များအပေါ် ဘ ဏ္ဍာရေးနှစ်အလိုက် အမြတ်ခွန်ကိုသာ သီးသန့်ကောက်ခံပြီး သီးခြားကောက်ခံလျက်ရှိတဲ့ ပို့ ကုန်လုပ်ငန်းစဉ်များ၌ ကုန်သွယ်လုပ်ငန်းခွန် (၂%)၊ ဝင်ငွေခွန် (၈%) ခုန ဒေါက်တာမြတ်ဉာဏစိုးပြောသွားတာ အဲ့ဒါလေးကလွဲနေပါတယ်။ ကျွန်တော်တို့ တကယ်ကောက်တာကတော့ ဝင်ငွေခွန်က (၂%) ကုန်သွယ်လုပ်ငန်းခွန်က (၈%) ဖြစ်ပါတယ်။ စုစုပေါင်း (၁၀%)ကောက်ခံမှုနဲ့ သွင်းကုန်လုပ်ငန်းစဉ်မှာ (၃.၅%) ပင်ရင်းမှ နုတ်ယူရသည့် အခွန်များ ကောက်ခံခြင်းကို ပယ်ဖျက်ပေးနိုင်ခြင်း ရှိ / မရှိ။ ဒေသတွင်း နိုင်ငံများမှာ ပို့ကုန်တိုးမြှင့်ရေးအတွက် အဆိုပါ အခွန်များကို ကောက်ခံခြင်း မရှိဘဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာဆိုရင် အချို့သောပို့ကုန်အမယ်များအတွက်ကိုပါ ဆော င်းငွေကိုပါ နိုင်ငံတော်က ဖြည့်ဆည်း ကျခံပေးသည့် အတိုင်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ /မရှိ မေးမြန်းတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော် ရှင်းလင်းတင်ပြလိုပါတယ်။

ခုနမေးမြန်းတဲ့ မေးခွန်းမှာပဲ ကျွန်တော်တို့ နည်းနည်းလေးကွဲလွဲချက်ရှိတာလေး တင်ပြပြီးပါပြီ။ တကယ် ကျွန်တော်တို့ ကောက်နေတာက နိုင်ငံခြား ငွေပေါ်မှာဆိုရင် ဝင်ငွေခွန်က (၂%)နဲ့ ကုန်သွယ်လုပ်ငန်းခွန်က (၈%)ဖြစ်ပါတယ်။အဲ့တော့ ပထမဦးစွာ ဝင်ငွေခွန်နဲ့ ပတ်သက်ပြီးတော့ လက်ရှိစနစ်အရ ကောက်ခံနေမှု အခြေအနေလေးတွေကို ရှင်းလင်းတင်ပြလိုပါတယ်။ ဝင်ငွေခွန်မှာ ပုဂ္ဂိုလ်တစ်ဦးချင်း နဲ့ ကုမ္ပဏီများအပေါ်မှာ ကျွန်တော်တို့ ကောက်ခံနေတာဆိုရင် အမြတ်ခွန်နှင့်ဝင်ငွေခွန် နှစ်မျိုးရှိပါတယ်။ ဒီလက်ရှိ ပြည်တွင်းကျပ်ငွေနဲ့ ဝင်ငွေရရှိတဲ့ တစ်ဦးချင်းအပေါ်မှာ အမြတ်ခွန်ဥပဒေ အရလည်းကောင်း ၊ ကုမ္ပဏီများပေါ်မှာဆိုရင်လည်းပဲ ကုမ္ပဏီများရဲ့ ဥပဒေ အရလည်းကောင်း ဝင် ငွေခွန်ကို ကျွန်တော်တို့ ကျပ်နဲ့ ကောက်ခံတာ ရှိပါတယ်။ နိုင်ငံခြားငွေနဲ့ရခဲ့မယ်ဆိုရင်လည်း နိုင်ငံခြားငွေနဲ့ တစ်ဦးချင်းအပေါ်မှာ လည်းကောင်း ။ ကုမ္ပဏီဖြစ်လို့ရှိရင်လည်းကုမ္ပဏီရဲ့ ဝင်ငွေ ဥပဒေအရလည်းကောင်း နိုင်ငံခြားငွေနဲ့ကောက် ခံပါတယ်။ ပြန်ပြောမယ်ဆိုရင် ကျွန်တော် တို့ အမြတ်ခွန်နဲ့ ဝင်ငွေခွန် နှစ်မျိုးရှိပါတယ်။ အမြတ်ခွန် ဥပဒေအရ ကောက်တဲ့လုပ်ငန်းက သီးခြား၊ ဝင်ငွေခွန် ဥပဒေအရ ကောက်တဲ့လုပ်ငန်းက သီးခြား ဖြစ်ပါတယ်။ အဲဒီတော့ ပြည်တွင်းက ကျပ်တွေနဲ့ ရလို့ရှိရင် ဥပဒေအရကျပ်နဲ့ ကောက်ပါတယ်။ နိုင်ငံခြားငွေနဲ့ရခဲ့ရင် နိုင်ငံခြား ငွေနဲ့ကောက်ပါတယ်။ အဲဒီတော့ ဝင်ငွေခွန် ဥပဒေအရ စည်းကြပ်ကောက်ခံမယ်ဆိုရင် ဥပဒေအရဆိုရင် အသားတင်အမြတ်ရဲ့ ၃၀% ပေးဆောင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အခွန်ထမ်းတွေကို ဝန်ထုတ်ဝန်ပိုး မဖြစ်ဖို့၊ အခွန်ပေးဆောင်ရာမှာ ရှင်းလင်းလွယ်ကူဖို့ ၊ နိုင်ငံခြားငွေနဲ့ ကောက်တဲ့အခါမှာ ၂% ပဲ ပေးဆောင်ဖို့ ဆိုပြီး အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပါတယ်။ ဒါလဲ ခုနက ဒေါက်တာမြတ်ဉာဏစိုး ပြောသွားသလို Trade Council ကနေပြီးတော့မှ ချမှတ်ပြီးတော့ ပေးခဲ့တဲ့ မူဝါဒ ဖြစ်ပါတယ်။ ဒီ ၂% နဲ့ ကောက်တဲ့ နိုင်ငံခြားငွေကိုလည်းပဲ နှစ်ကုန်သွားတဲ့အခါမှာ ကျွန်တော်တို့က ပြန်ပြီးတော့မှ ဝင်ငွေခွန် ရှင်းလင်းတဲ့အခါမှာ ပြန်လည်ပြီး ခုနှိမ်ပေးပါတယ်။ ဒါနိုင်ငံခြားငွေနဲ့ ပတ်သက်ပြီးတော့ ခုနတင်ပြသွားချက်အပေါ်မှာ ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း ဖြစ်ပါတယ်။ အဲ့ဒါကြောင့် ဝင်ငွေခွန်အပေါ်မှာ ကောက်တာသည် နိုင်ငံခြားငွေနဲ့ဆိုရင် ၂% ဖြစ်ပါတယ်။ နှစ်ကုန်တဲ့အခါမှာ ပြန်ရှင်းတဲ့အခါမှာ ပြန်လည်ပြီးတော့ ခုနှိမ်ရှင်းလင်းပေးတယ်ဆိုတာလည်း ကျွန်တော်တင်ပြလိုပါတယ်။ အလားတူပဲ ကုန်သွယ်လုပ်ငန်းခွန်နဲ့ ပတ်သက်ရင် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေရှိပါတယ်။ ဒီ ဥပဒေအမျိုးအစားအလိုက် ဥပဒေအရ ဇယားတွေရှိပါတယ်။

အခွန်ဥပဒေမှာ အမိန့်ကြော်ငြာစာတွေ ထုတ်ပြန်ပြီးတော့ စာအုပ်စာတမ်း တွေနဲ့ ဒါ မကြာမကြာ ကုန်သည်ကြီးများအသင်းတို့ ၊ စီးပွားရေး လုပ်ငန်းရှင်များတို့ သွားရောက် ဆွေးနွေး ရှင်းလင်းတဲ့အခါမှာ မကြာမကြာရှင်း လင်း ပြောကြားတာတွေရှိပါတယ်။သူ တို့လည်း ဒါတွေကို နားလည်ပါတယ်။ ဇယားတိုင်းမှာတော့ ကျွန်တော်တို့ က အခွန်နှုန်းထားတွေကို ဇယားတိုင်း မှာ ပစ္စည်း အမျိုးအစား အလိုက် ကုန်သွယ်လုပ်ငန်း ခွန်ကျတော့ ၅% ကနေ ၂၀၀% ထိရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အချို့ကုန်ပစ္စည်းတွေဟာ ကျွန်တော်တို့ဒေသ ကျွန်တော်တို့ တိုင်းပြည် ထဲမှာ မလိုတဲ့ ပစ္စည်းတွေဆိုရင် ပိုပြီးတော့မှ စည်းကြပ်ထားတာဖြစ်ပါတယ်။ ဥပမာ အရက်တို့ ဘာတို့ ဇိမ်ခံပစ္စည်းတွေ ပေါ့။ နည်း နည်းပါးပါး ကျွန်တော်တို့ လိုချင်တာဆိုရင် လျော့ပြီး ကောက်ထားတယ် ၅% နဲ့ တစ်ချို့ဆိုရင် ကင်းလွတ်ခွင့် ပေးထားတာတွေ ရှိသေးတယ်။ ကင်းလွတ်ခွင့်ပေးထားတဲ့ အမယ်တွေလည်း အများကြီးပဲ။ ဒါကျွန်တော်တို့ရဲ့ ကုန် သွယ်လုပ်ငန်း ခွန် ဇယားအရ ခုနပြောသလို ၅%ကနေ ၇% ထိ ကောက်ပါတယ်။ သို့သော် နိုင်ငံခြားငွေနဲ့ ရောင်းရငွေအပေါ်မှာတော့ ခုနပြောတဲ့ အဲ့ဒီနှုန်းထားကြီးနဲ့ ကောက်လို့ရှိရင် အတော်လေးကို ထိမှာ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ကုန်သွယ်မှု မူဝါဒကောင်စီရဲ့ ဆုံးဖြတ်ချက်အ ရ အမိန့် ကြော်ငြာစာထုတ်ပြန်ပြီးတော့ အခွန်ထမ်းများ ဝန်ထုပ်ဝန်ပိုးမဖြစ်ဖို့အတွက် အခွန်ပေးဆောင်ရာ မှာလည်း ရှင်းလင်းလွယ်ကူဖို့အတွက် နိုင်ငံခြားငွေနဲ့ရောင်းရတဲ့အပေါ်မှာ ကုန်သွယ်လုပ်ငန်း ခွန် ၈% သာ ပေးဆောင်ဖို့ အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားတာဖြစ်ပါတယ်။ ဒီလိုအခွန် ပေး ဆောင်ခြင်းနှင့်ပတ်သက်ပြီးတော့ အခုနိုင်ငံတော်က လက်ရှိအခြေအနေအရ လိုအပ်ချက် အရ ကျွန်တော်တို့ ဒီလိုဆောင်ရွက်နေတာဖြစ်ပါတယ်။ နောင်တစ်ချိန်မှာကျွန်တော်တို့နိုင်ငံရဲ့ အခွန် တိုးတက်ကောက်ခံရရှိမှုအပေါ်မှာ စဥ်းစားသုံးသပ်ပြီးတော့ ကျွန်တော်တို့က ဆောင်ရွက်သွား မယ် ဆိုတာကို ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကိုရှင်းလင်းပြန်ကြားလိုပါတယ်။

ဒုတိယပိုင်း အနေနဲ့ ဆက်လက်ပြီးတော့ သွင်းကုန်လုပ်ငန်းစဥ်တွေမှာ ကောက်ခံ နေသော ၃.၅% အခွန်ကောက်ခံမှုနဲ့ပတ်သက်လို့ ဆက်ပြီးတော့ရှင်းလင်းဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ပြောနေတဲ့ ပင်ရင်းမှ နုတ်ယူပေးသွင်းခြင်းအခွန်လို့ခေါ်တဲ့ (Withholding Tax) လို့ခေါ်ပါတယ်။ ဒီအခွန် ဟာဖြင့် ပစ္စည်းဝယ်ယူခြင်း၊ ဒါမှမဟုတ်လို့ရှိရင် လုပ်ငန်းဆောင်ရွက် ခြင်း အဲဒီဟာလုပ်တဲ့နေရာမှာ ကျွ န်တော်တို့က ပေးချေရတဲ့ ပေးချေ ငွေတစ်ရပ်ရပ်ပေါ်မှာ ငွေထုတ်ပေးရန် တာဝန်ရှိသူက ထိုငွေပေါ် မှကျသင့်သောအခွန်ကိုနုတ်ယူပြီး သက်ဆိုင်ရာသို့

လွှဲပြောင်း ပေးသွင်းတဲ့အခွန်ဖြစ်ပါ တယ်။ ဒုတိယအကြိ မ် ကျွန်တော်ပြန်ပြောမယ်ဆိုရင် Withholding Tax ဆိုတာ ခုနပြောတဲ့ ပစ္စည်းဝယ်ယူခြင်း (သို့မဟုတ်)လုပ်ငန်းဆောင်ရွက်စေခြင်းအတွက် ငွေပေးချေမှုတစ်ရပ်ရပ် ပြုလုပ်ချိန်မှာ ငွေ ထုတ်ပေးရန် တာဝန်ရှိသူက ထိုငွေပေါ်မှကျသင့်သောအခွန်ကိုနုတ်ယူ၍ သက်ဆိုင်ရာသို့လွှဲပြော င်းပေးသွင်းတဲ့အခွန်ဖြစ်ပါတယ်။ Withholding Tax ပြောမယ်ဆိုရင် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် Withholding Tax ဆိုတာငွေပေးချေသည့် အဖွဲ့အစည်း က ကျခံရတာမဟုတ်ဘဲ နဲ့ ပစ္စည်းရောင်းချပေးသွင်းသူ (သို့မဟုတ်) လုပ်ငန်းကို တာဝန်ယူဆောင်ရွက်သူက ကျခံရတဲ့အခွန်ဖြစ်ပါတယ်။ သဘောက သူ့ကိုပေးမယ့် ပိုက်ဆံထဲက နေ ကျွန်တော်တို့က ပြန်နုတ်ပြီးတော့မှ နိုင်ငံတော်ကို ပေးရတာဖြ စ်ပါတယ်။ သူ့ဆီက ပစ္စည်းဝယ် တာဖြစ်စေ၊ သူ့ကို လုပ်ငန်းအပ်လိုက်လို့ တစ်ခုခုကန်ထ ရိုက်ပေးလိုက်လို့ ဆောင်ရွက်လိုက်တာ ဖြစ် စေ၊ အဲဒီအပေါ်ကနေ ကျွန်တော်တို့က သူ့ကိုပေးလိုက်ရမယ့်ပိုက်ဆံထဲက ကျွန်တော်တို့ရဲ့ နိုင်ငံတော် ကို မင်းပေးရမယ့်ပိုက်ဆံ (၃.၅)ရာခိုင်နှုန်းရှိတယ်ဆိုတာအခွန်ကို ကျွန်တော်တို့က နုတ်ယူတာ ဖြစ်တယ်။ တစ်ချို့က အမှတ်မှားပြီးတော့ ကုန် ပစ္စည်းသွင်းလိုက်လို့ ကိုယ်ကနေပေးရတယ်ထင် တယ်။ အမှန်တော့ မဟုတ်ဘူး။ သူရသွားမယ့်ငွေထဲက ကျွန်တော်တို့က နုတ်ယူတာဖြစ်ပါတယ်။ ပစ္စည်းဝယ်ယူတဲ့အတွက် ပြည်ပကို ပေးချေမှုအပေါ် (၃.၅)နုတ်ယူတာဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံခြားကုမ္ပဏီတွေက လာရောင်းတယ်။ သူ့တို့ကို ကျွန်တော် တို့က ပိုက်ဆံလွှဲပေးရပါတယ်။ အဲဒီအပေါ်မှာ ကျွန်တော်တို့က ဖြတ်ယူပြီးတော့ ကျွန်တော်တို့နိုင်ငံကို ပြန်သွင်းခိုင်းတာဖြစ် တယ်။ နို့မို့ဆိုရင် ကျွန်တော်တို့က သူတို့ကို လိုက်ကောက် လို့မရတော့ဘူး။ ဒါ့ကြောင့် ဒီအခွန်ဟာ ဖြင့် သွင်းကုန်ပစ္စည်းဝယ်ယူတင်သွင်းတဲ့ ပြည်တွင်း နေနိုင်ငံသားများက ပေးသွင်း ရတာမဟုတ်ဘဲ နဲ့ ပေးချေငွေရရှိမယ့် ကုန်ပစ္စည်းရောင်းချသူ ပြည်ပနိုင်ငံခြားသားကနေ ပေးဆောင်ရတာဖြစ်ပါတယ်။ ဒါလောက်ဆိုရင် ကျွန်တော်ရှင်းလင်းတင်ပြတာကို သဘောပေါက်လိမ့်မယ်လို့ယူဆပါတယ်။ ဒီလိုပေးဆောင်စေခြင်းဟာလည်း ပြည်ပနေနိုင်ငံခြားသားအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မတည်ပစ္စည်းတစ်ခုခုသော်လည်းကောင်း၊ ဝင် ငွေရလမ်းတစ်ခုခုမှသော်လည်းကောင်း ဝင်ငွေရရှိပါက ဝင်ငွေခွန်စည်းကြပ်ကောက်ခံရန် ဝင်ငွေခွန်ဥပဒေမှာ ပြဋ္ဌာန်းသတ်မှတ်ထားတာဖြစ်ပါတယ်။ လက်တွေ့မှာ ပြည်ပနေနိုင်ငံခြားသားများဟာ မြန်မာနိုင်ငံတွင် အခြေ ချနေထိုင်သူမဟုတ်တဲ့အတွက်ကြောင့် အခွန်စည်းကြပ်ကောက်ခံရန် အခက်အခဲရှိတဲ့အတွက်ကြောင့် ရသင့်

ရထိုက်တဲ့အခွန်တွေ ကင်းလွတ်မှုမရှိစေဖို့အတွက် ပင်ရင်းမှနေနုတ်ယူပေးသွင်းတဲ့နည်းလမ်း (Withholding Tax ) ဖြင့် စည်းကြပ်ကောက်ခံခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြည်ပနေနိုင်ငံခြားသားများ၏ မြန်မာနိုင်ငံအတွင်းကနေ ဖြစ်ထွန်းပေါ်ပေါက်တဲ့ ဝင်ငွေအပေါ်မှာ အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံက အခွန်ကောက်ခံခွင့် (Taxing Right) အရ အပြည့်အဝကျင့်သုံး ကောက်ခံတာ သာဖြစ်ပါတယ်။ ရှင်းရှင်းပြောရင်တော့ ကျွန်တော်တို့ ပေးလိုက်တဲ့ငွေကို ကျွန်တော်တို့က ပြန်ဖြတ်ယူတာဖြစ်ပါတယ်။ ပေးရတာတော့ သူပေးရတာ ဖြစ်ပါတယ်။ အဲဒါမှာ ကျွန်တော်တို့ လူတွေက နည်းနည်းလေးလွဲမှားနေတာ ၊ ကိုယ်ပေးရတယ်လို့ ယူဆနေတာကြောင့် Withholding Tax ရဲ့ Defination ကို ကျွန်တော်ရှင်းပြတာ ဖြစ်ပါတယ်။ ဒါပေမဲ့လို့ ကျွန်တော်တို့ အာဆီယံအတွင်းမှာကော ပတ်ဝန်း ကျင် နိုင်ငံတွေနဲ့ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်နဲ့ အခွန်နှစ်ထပ် စည်းကြပ်ကောက်ခံမှု ရှောင်ရှားရေး (DTA)လို့ ခေါ်တဲ့ ကျွန်တော်တို့ Avoidance of Double Taxation Agreement ကို ချုပ်ဆိုထားတဲ့ နိုင်ငံ(၆)နိုင်ငံရှိပါတယ်။ အဲဒီနိုင်ငံတွေက ယူနိုက်တက် ကင်းဒမ်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ စင်္ကာပူနိုင်ငံတို့ဖြစ်ပါတယ်။ ဒီနိုင်ငံတွေနဲ့တော့ ကျွန်တော်တို့ (၆)နိုင်ငံနဲ့တော့ ကျွန်တော်တို့ရဲ့သဘောတူညီချက်တွေအရ တစ်ချို့ဟာတွေကို Withholding Tax တွေကို ကျွန်တော်တို့ ဖြတ်လို့မရဘူး။ ဒါကတော့ ကျွန်တော်တို့ရဲ့ ဥပဒေထဲမှာ ရေးသားထားတဲ့အတိုင်း တင်ပြလျှောက်ထားရင် ကျွန်တော်တို့က ဖြတ်ယူခြင်းမပြုပါဘူး။ ကျန်တဲ့နိုင်ငံတွေကိုတော့ ကျွန်တော်တို့က ဖြတ်ယူရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို စာချုပ်ပါသဘောတူညီတဲ့အတိုင်း လိုက်နာသွားရမှာဖြစ်တယ်ဆိုတာ ပြောလိုပါတယ်။ အဲဒီတော့ ပင်ရင်းမှ နုတ်ယူပေးသွင်းစေတဲ့ နည်းလမ်း (Withholding Method )ဖြင့် စည်းကြပ်ကောက်ခံခြင်းကို ကျွန်တော်တို့ နိုင်ငံတစ်ခုတည်းလုပ်နေတာမဟုတ်ပါဘူး။ အနောက်နိုင်ငံတွေရော၊ ဥရောပနိုင်ငံတွေရော၊ အာရှတိုက်မှာရှိတဲ့ အ ရှေ့တောင်အာရှနိုင်ငံတွေ အားလုံးလိုလိုမှာ တွင်တွင်ကျယ်ကျယ်နဲ့ ကျွန်တော်တို့ လုပ်နေတာဖြစ်ပါတယ်။ ဒါဟာနိုင်ငံရဲ့ ရပိုင်ခွင့်အခွန်အခတွေကို ပြန်လည်ပြီးတော့ရယူဖို့ ဆောင်ရွက်နေတဲ့ လုပ်ငန်းစဥ်ဖြစ်ပါတယ်။ ဒီဥပဒေအတိုင်း ကျွန်တော်တို့ထုတ်ပြန်နေတာဖြစ်ပါတယ်။ အဲဒီတော့ အခွန်နဲ့ပတ်သက်လို့ အလျဉ်းသင့်လို့ ကနေ့ဆွေးနွေးခွင့်ရတဲ့အတွက် ကျွန်တော်လည်း အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ရဲ့ အခွန်ကိစ္စရပ်တွေနဲ့ပတ်သက်လို့ ကျွန်တော်တို့ဆက်လက်ဆောင်ရွက်စရာတွေလည်း ရှိပါ

သေးတယ်။ ဆက်လက်ဆောင်ရွက်ဆဲအနေအထားရှိသလို လက်ရှိလုပ်နေတဲ့အနေအထား ကိုလည်း အနည်းငယ် ဖြည့်စွက်တင်ပြလိုပါတယ်။ ကျွန်တော်တို့ တိုင်းပြည်အ နေနဲ့ ခေတ်စနစ်တွေ အမျိုးမျိုး ပြောင်းလာပြီးတဲ့ နောက်ပိုင်းမှာ အခွန်နဲ့ပတ်သက်လို့ အပိုင်းမှာ တော်တော်လေးကို အားနည်းနေပါတယ်။ ဘာအားနည်းနေသလဲဆို ရယူပိုင်ခွင့်အားနည်းနေပါတယ်။ ကျွန်တော်တို့ အခု နက ကိုယ်စားလှယ်ကြီးတင်ပြသွားသလို ဈေးကွက်စီးပွားရေးစနစ်အရ သွားကြတော့မယ့်အချိန်မှာ လုပ်ပိုင်ခွင့်တွေကို ကျွန်တော်တို့ပေးသလို နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့အခွန်အခတွေကိုရမှ ခုနတင်ပြသွား ခဲ့တဲ့ နိုင်ငံရဲ့ဖွံ့ဖြိုး တိုးတက်မှုလုပ်ငန်းတွေကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ခုနပြောတဲ့ ရေအားလျှပ်စစ်ကြီးတွေ၊ မီးရရှိရေးတွေ၊ ရေရရှိရေးတွေ၊ လမ်းပန်းဆက်သွယ်မှုတွေ၊ ပညာရေး၊ ကျန်းမာရေးတွေ အများကြီးလုပ်စရာတွေရှိပါတယ်။ ဒီလို လုပ်စရာရှိတဲ့ လုပ်ငန်းတွေကို ရသင့်တဲ့အခွန်အခမှမရရင် ကျွန်တော်တို့ တိုင်းပြည်က Budget Deposit နဲ့သွားရမယ့်ကိန်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ဒေသတွင်း မှာပဲ နှိုင်းယှဉ်ကြည့်လိုက်မယ်ဆိုရင် ၂၀၀၉-၂၀၁၀ရဲ့ အာဆီယံအကောင်းဆုံးနိုင်ငံများရဲ့ အခွန်ရငွေနဲ့ GDP အချိုးကို လည်း ဖြည့်စွက်တင်ပြလိုပါတယ်။ ဒါတွေဟာ ဘာလဲဆိုရင် ဘရူနိုင်းနိုင်ငံဆိုရင် ၂၀၀၉-၂၀၁၀မှာဆိုရင် သူ့ရဲ့ GDP နဲ့ အခွန်ရငွေအချိုးဟာ ၃၀% ရှိပါတယ်။ ကမ္ဘောဒီးယားက ၈% ရှိပါတယ်။ အင်ဒိုနီးရှားက ၁၁%ရှိပါတယ်။ လာအိုက ၁၀.၈% ရှိပါတယ်။ မလေးရှားက ၁၅.၅% ရှိပါတယ်။ ဖိလစ်ပိုင်က ၁၄.၄% ရှိပါတယ်။ စင်္ကာပူက ၁၃% ရှိပါတယ်၊ ထိုင်းက ၁၇% ရှိပါတယ်၊ ဗီယက်နမ်က ၁၃.၈% ရှိပါတယ်၊ ဂျပန် က ၂၇.၄% ရှိပါတယ်၊ တောင်ကိုရီးယားက ၂၆.၈% ရှိပါတယ်၊ တရုတ်က ၁၇% ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံက GDP နဲ့ Tax Ratio က ၃.၂ % ပဲရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ရသင့်ရထိုက်တဲ့ အခွန်တွေဟာ နှိုင်းယှဉ်လိုက်တဲ့အခါမှာ လိုနေပါသေးတယ်။ ဒီ လိုနေသေးတဲ့အပေါ်မှာ တစ်ဖက်က Export Proceed ကို တိုးတက်အောင် လုပ်ပေးချ င်သလို ရသင့်ရထိုက်တဲ့ အခွန်အခတွေကို များများရမှ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးရေး လုပ်ငန်းတွေကို လုပ်နိုင်မယ်ဆိုတာ ကိုလည်း အလျဉ်းသင့်သလို တင်ပြဆွေးနွေးခြင်း ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာက တော့ တည် ဆဲဥပဒေများအရ အခုနတင်ပြခဲ့တဲ့ ပို့ကုန်အတွက် ဆောင်းငွေတွေကို နို င်ငံတော်က ကျခံဆောင်ရွက် ပေးနိုင်ဖို့ကိုတော့ လောလောဆယ် မရှိသေးပါဘူး။ အခွန်အကောက်နဲ့ ပတ်သက်ပြီးတော့လည်း စိတ်ဝင်တစားနဲ့ မေးမြန်းခဲ့တဲ့ ရန်ကုန်တိုင်း၊ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးကိုလည်းကျေးဇူးတင်ပါတယ်။ ကျွန်တော်ရဲ့ ရှင်းလင်းချက်တို နားထောင်ပြီးတော့ စိတ်ဝင်တစားရှိကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အားလုံးကို လည်း ကျေးဇူးတင်ပါတယ်။ တို င်းပြည်အတွက် ဒီလိုအ ခြေအနေတွေကိုလည်း ရှင်းလင်း တင်ပြခွင့်ရတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ အထူးပဲ ကျေးဇူးတင်ကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော်အစည်းအဝေးကိုခေတ္တရပ်နားပြီး (၁၁း၃၀)အချိန်မှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာ ပါပြီ ခင်ဗျား။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပြီး ၁၁း၃၀နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယ ခု အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက် လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ ဘုံတလာရေတံခွန်တွင် အကြီးစား လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ပေးပါရန် အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း

**အချိန်၊၁၁း၃၃။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က ဘုံတလာရေတံခွန် တွင် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စက်ရုံ တည်ဆောက်ပေးပါရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ဦးပေါ်လျှံလွင် အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊၁၁း၃၄။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အားလုံးကို မင်္ဂလာပါ လို့နှုတ်ဆက်ရင်း ကျွန်တော်၏အဆိုကို စတင်ဆွေးနွေးပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော် အဆိုကို မဆွေးနွေးခင်မှာ ဘုံတလာရေတံခွန်ဟာ ဘယ်နားမှာရှိသလဲဆိုတာ ကိုယ်စားလှယ်တော် များသိရှိနိုင်အောင် ဦး စွာဖော်ပြပါမယ်။ ဘုံတလာရေတံခွန် ဟာ ချင်းပြည်နယ်၊ မတူပီမြို့နယ် (၁၅)မိုင်အကွာမှာ ရှိပါတယ်။ ချင်းပြည်နယ် ဟာ မြန်မာပြည်အနောက်ပိုင်းအခြမ်း တွင်ရှိပြီး အနောက်ဘက်၌ အိန္ဒိယနိုင်ငံနှင့် ဆက်စပ်ပြီး မြောက်ဘက်၌ စစ်ကိုင်းတိုင်း၊ အရှေ့ဘက်၌ မကွေးတိုင်း၊ တောင်ဘက်၌ ရခို င်ပြည်နယ် အကြားတွင် တည်ရှိတဲ့ အတွက် အဖက်ဖက်မှ ခေတ်နောက်ကျသော ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ဘုံတလာရေတံခွန်ဟာ လေးမြို့မြစ်ကို မြစ်ဖျားခံပြီး ကျဆင်းလာသော ရေတံခွန်ဖြစ်ပါတယ်။ အမြင့်ပေ မြေပြင်မှ(၁၀၀၀)ခန့်မြင့် သော ရေတံခွန်ဖြစ်ပါတယ်။ အဲဒီဒေသမှာ အေးချမ်းသာယာပြီး အဖြူရော င်နယ် မြေဖြစ်ပါတယ်။ တကယ်လို့များ ရေတံခွန်တည်ဆောက်မည်ဖြစ်ပါက၊ တာတမံများ တည်ဆောက်မည်ဖြစ်ပါက၊ ရွာများ၊တောင်ယာများ၊ လယ်များ ပျက်စီးစရာ အနှောက်အယှက် တစ်စုံတစ်ရာ မရှိပါကြောင်း နှင့် ဘေးကင်းစွာဖြင့် တည်ဆောက်နိုင် သော ဒေသဖြစ် ပါတယ်ဆိုတာကို ကျွန်တော်ဖော်ပြလို ပါတယ်။ ရေတံခွန်ရဲ့ ရေပမာဏအတိုင်းအတာဟာ အတိအကျမပြောနိုင်ပေမယ့် လေးမြို့မြစ်ဟာ

မြစ်ဖြစ်တဲ့အတွက် (၁၂)ရာသီ သဘာဝ ရေတံခွန်အဖြစ် လုံလောက်မှု မရှိသော်လည်းဘဲ DAM တစ်ခုခု တည်ဆောက်မယ်ဆိုရင် အကြီးစားစက်မှု လျှပ်စစ်ဓာတ်အားစက်ရုံ တည်ဆောက်နိုင်ဖို့အတွက် လုံလောက်သော ရေပမာဏ ရရှိ မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အ ရင့်အရင် အစိုးရလက်ထက်ကလဲ ဒီနေရာ ကို (၂)ခါတိုင်းတာပြီးကြောင်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီဒေသရဲ့ ဘုံတလာရေတံခွန်ကို အထူးစဥ်းစားပေးပါရန် ထပ်ဆင့်ပြန်လည် တင်ပြခြင်းဖြစ်ပါတယ်။ ဘုံတလာရေတံခွန်နားမှာရှိတဲ့ မတူပီမြို့ဟာ အနောက်အိန္ဒိယဘက်မှ မိုင် (၁၀၀) ကျော် အကွာအဝေးမှာ ရှိပြီး၊ အရှေ့ဂန့်ဂေါဘက်မှ မိုင် (၂၀၀)နီးပါးခန့် ကွာဝေးပါတယ်။ ပခုက္ကူမြို့မှဆိုရင် (၁၈၃)မိုင်ခန့် ကွာဝေးပြီး၊ တောင်ဘက် ပလက်ဝမြို့မှ (၁၃၅) မိုင်ခန့် ကွာဝေးပါတယ်။ ဟားခါး၊ ထန်တလန်ဘက် မှလည်း (၁၇၀)ကျော်တိတိ ကွာဝေးတဲ့ အတွက် အဲဒီဒေသဟာ တစ်မြို့နယ်နှင့် တစ်မြို့နယ် အလှမ်းအင်မတန် ကွာဝေးတဲ့ ဒေသဖြစ်ပြီး ဒီဒေသမှာရှိတဲ့ လူတွေဟာ ဖွံ့ဖြိုးမှု အဘက်ဘက်မှ အားနည်းသောဒေသ ဖြစ်ပါတယ်။ အရင်တုန်းက လမ်းပန်းဆက်သွယ်ရေး လိုအပ်မှုကြောင့် ဖွံ့ဖြိုးမှုနည်းပါးသော်လည်း ယခုအခါ နိုင်ငံတော်စေတနာကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး လူတွေဟာ အတိုင်းအတာ တစ်ခုအနေနဲ့ တိုးတက်မှုရှိလာပါတယ်။ ပခုက္ကူမြို့နယ်၊ မင်းတပ်၊ မတူပီမြို့အထိ (၁၂)ရာသီ သွားနိုင်သော ကားလမ်းများ ဖောက်လုပ်ပေးပြီး၊ မန္တလေး-ဂန့်ဂေါ-ဟားခါး အထိလည်း (၁၂)ရာသီ သွားနိုင်တဲ့လမ်းရှိပြီး၊ ကလေးမြို့၊ တီးတိန်၊ ဖလမ်း -ဟားခါးထိလည်း သွားနိုင်သော လမ်းများရှိတဲ့အတွက် နိုင်ငံတော်အစိုးရအပေါ်မှာ ကျေးဇူးတင်ရှိပါကြော င်း ဖော်ပြလိုပါတယ်။ ဒုတိယအနေနဲ့ကတော့ လျှပ်စစ် ဘုံတလာရေတံခွန် တင်ပြခြင်းဟာ လမ်းပန်း ဆက်သွယ်ရေး အထိုက်အလျောက် ကောင်းပင်ကောင်းငြားသော်လည်းပဲ မီးအား၊ လျှပ်စစ်အား မရှိသေးတဲ့ အတွက် ဖွံ့ဖြိုးတိုးတက်မှုဟာ နှေးကွေးလျက်ရှိပါတယ်။ စက်မှုဝန်ကြီးဌာန ဝန်ကြီး တင်ပြသလိုပဲ မြို့နယ်အသီးသီးမှာ အထိုက်အလျောက် လျှပ်စစ်ဓာတ်အား လုပ်ပေးတာ ကို တွေ့ရှိရ ပါတယ်။ နိုင်ငံတော်အစိုးရအနေနှင့်လည်း နှစ်စဥ်သန်းပေါင်း (၁၅၀၀)လောက် ကုန်ကျကြောင်း သိရှိတဲ့ အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဒါပေမယ့်လို့ အဲဒီ မြို့နယ် အသီးသီးမှာ လျှပ်စစ် ပေးမှုအားဟာ မလုံလောက်ပါဘူး။ ဖလမ်း၊ ဟားခါး၊ တီးတိန်၊ ထန်တလန်မှ အစ အလှည့်ကျစနစ်ဖြင့် မီးပေးရပါတယ်။ မတူပီ၊ ရေဇွာ၊ မင်းတပ်လည်း ဒီအတိုင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်၏ လျှပ် စစ် ဆောင်ရွက်ပေးမှုဟာ ဒေသအသီးသီးအတွက်

မလုံလောက်ကြောင်း ရှိပါ တယ်ဆိုတာကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိဖို့ ဖော်ပြလိုပါတယ်။ ကျွန်တော်တို့ ဒီဒေသမှာရှိတဲ့ လူဦးရေဟာ အကြီးစား စက်မှုလက်မှု လျှပ်စစ်ဓာတ်အား တည်ဆောက်ပေးနိုင်ဖို့ လူဦးရေများပြား မှု လုံလောက် မှုမရှိသော်လည်းဘဲ နိုင်ငံတော်ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ မြို့ရွာ၊ ကျေးလက်ဒေသ တပြေးတည်း ညီညွတ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ရည်မှန်းချက်ရှိသည့်အတိုင်း ကျွန်တော်တို့ဒီဒေသ ဘုံတလာရေတံခွန်ကို ကျေးလက်ဒေသရှိလူများ ညီညာသောအားဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျသော ဒေသများကို ငဲ့ညှာသနားသောအားဖြင့် ဘုံတလာ ရေတံခွန်ကို အကြီးစားလျှပ်စစ်ဓာတ်အား (သို့မဟုတ်) သင့်လျော်သော လျှပ်စစ်ဓာတ်အား တည်ဆောက်ပေးပါရန် အဆိုကို ပြုရပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် ပုဂ္ဂိုလ်က ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၁၁း၄၁။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန် တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဖု န်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော်တင်ပြချင်တာကတော့ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးမှာတော့ လျှပ်စစ်ဓာတ်အား အဆင် ပြေပါတယ်။ ကျွန်တော့် အိမ်မှာဆိုရင်တော့ တီဗွီ၊ ရေခဲသေတ္တာ၊ အဲယားကွန်း၊ အဝတ်လျှော်စက် စသည်ဖြင့် ကျွန်တော် အဆင်ပြေစွာနေနိုင်ပါတယ်။ ဒီလိုနေနိုင်တာဟာလည်း ကျွန်တော်တို့တစ်ယူနစ်ကို (၂၅)ကျပ်နှုန်း နဲ့ (၂၄)နာရီနီးပါးပေးတဲ့ မဟာဓာတ်အားလိုင်း ဓာတ်အားပေးစနစ်ကြောင့်ဘဲ ဖြစ်ပါတယ်။ ကျန်တဲ့ တိုင်းနဲ့ပြည်နယ်မှာလည်း ကျွန်တော်တို့လို အဆင်ပြေစေချင်ပါတယ်။ ဒါကြောင့် ဘုံတလာ အကြီးစား လျှပ်စစ်ဓာတ်အားစီမံကိန်းကို ကျွန်တော်ထောက်ခံပါတယ်ခင်ဗျား။

**အချိန်၁၁း၄၂။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးပေါ်လှုံလွင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ဘုံတလာရေတံခွန်တွင် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ပေးပါ ရန် ဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် /မသင့် လွှတ်တော်ရဲ့ဆန္ဒရယူ

ပါမယ်။ အဆိုကို လက်ခံ ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေး ဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ။** ။အဆိုကိုလက်ခံဆွေးနွေးဖို့သဘောမတူတဲ့လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးပေါ်လျှံလွင်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးပေါ်လျှံလွင် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှ တ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် အစည်းအဝေး၁၂ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက် သတ်မှတ်ခြင်း

**အချိန်၊၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး၁၃ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ မတ်လ ၂၂ ရက် (အင်္ဂါနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာ ပါပြီ ခင်ဗျား။

**အချိန်၊၁၁း၄၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ၁၂ ရက်မြောက်နေ့ အစည်းအဝေးကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]